## အယ်ဒီတာ့ အမှာစကား

ကျွန်မ ဒီစာအုပ်လေးကို စရေးဖြစ်ခဲ့တာလေးပြောပြချင်လိုပါ။ ကလေးစာပေမှာ အလွန်ဩဇာရှိတဲ့ Dr Seussရဲ့ စာအုပ်တစ်အုပ်ကို ဖတ်အပြီးမှာ ဒီလိုပုံစံစာအုပ်လေးကို မြန်မာကလေးတွေအတွက်လည်း ရေးပေးမယ်လို့ စပြီး စိတ်ကူးယဉ်ခဲ့ပါတယ်။

စာအုပ်လေးက ပတ်ဝန်းကျင်မှာ ဖြစ်နေတဲ့အလွဲတွေကို ကလေးတွေ သတိပြုမိလားလို့ စိတ်ဝင်စားစရာ ရယ်ရတဲ့ ကာတွန်းအပြင်အဆင်လေးတွေနဲ့ မေးကြည့်ရင်း ကလေးရဲ့ စူးစမ်းချင်စိတ်ကို နှိုးဆွတဲ့ စာအုပ်လေးပါ။

ကျွန်မစာအုပ်လေးမှာတော့ ရယ်စရာတလွဲတွေအပြင် တစ်ပတ်စာအလွဲများဆိုတဲ့ စာအုပ်နာမည်လေးအတိုင်း တနင်္လာ၊ အင်္ဂါ စတဲ့ ရက်သတ္တပတ်ရဲ့ အခေါ်အဝေါ်တွေ၊ နံနက်၊ နေ့လယ်၊ ညစတဲ့ တစ်နေ့တာရဲ့ အချိန်အပိုင်းအခြား အလိုက် အသုံးအနှုန်းတွေကိုပါ သိရမှာဖြစ်ပါတယ်။ ဒီလိုမတူတဲ့အလွဲတွေကို လိုက်ရေတွက်ကြည့်ရင်း သင်္ချာရဲ့ အခြေခံဖြစ်တဲ့ ကိန်းဂဏန်း တစ်၊ နှစ်၊ သုံး စသည်တို့ကို ဂဏန်းအားဖြင့်သော်လည်းကောင်း၊ စာအားဖြင့်သော်လည်း ကောင်း မှတ်မိစေဖို့ပါ ရည်ရွယ်ပြီး ထည့်သွင်းပြုစုထားပါတယ်။

ဒီကလေးကိုယ်တိုင် ပါဝင်လေ့လာရတဲ့ သင်ကြားရေးဗဟိုပြု စာအုပ်လေးဟာ ကလေးတို့ရဲ့ဉာဏ်ရည်ဖွံ့ဖြိုးရေး အပြင် စာဖတ်တဲ့အလေ့အထ သင်္ချာအခြေခံနဲ့ နေ့ရက်အချိန်အပိုင်းအခြားတွေကို မှန်ကန်စွာ ခေါ်ဝေါ်သုံးစွဲတတ်စေဖို့ သင်ကြားပေးရာမှာပါ အထောက်အပံ့ဖြစ်စေဖို့ ရေးသားထုတ်ဝေလိုက်ရပါတယ်။

**ဗုဒ္ဓဟူးနေ့** နံနက်ရောက်တော့ ကျွန်တော် ကျောင်းသွားတယ်။ လမ်းမှာတွေ့ရတာတွေကလည်း အကုန်တလွဲ။ ရှစ်ခုတောင်မှ လွဲနေတယ်။

